# စိတ်ကွန့်မြူး အော်တစ်ဇင် ဦးနှောက်ဖွံ့ဖြိုးမှုပုံမမှန်ခြင်း အချက်အလက်စာရွက် Autism Spectrum Disorder Fact Sheet (Burmese)

## စိတ်ကွန့်မြူး အော်တစ်ဇင် ဉာဏ်ရည်မမှီခြင်းဆိုသည်မှာအဘယ်နည်း။

ဉာဏ်ရည်မမှီခြင်းဆိုသည်မှာ - ဦးနှောက်သည်ထူးခြားစွာဖွံ့ဖြိုးမှု ပုံမမှန်ခြင်းအတွက် စွမ်းဆောင်နိုင်မှုမရှိခြင်းကိုဆိုလိုသည်။သိပ္ပံပညာရှင်များမှ ဤဝေဒနာသည်များနှင့်ပတ်သက်ပြီးအတိအကျသိရှိခြင်းမရှိသေးပါ။ မည်သို့ ပင်ဖြစ်စေဝေဒနာကိုအခြေခံအားဖြင့်မျိုးရိုးဗီဇအရဆိုပေမည်။ ဤအ ကြောင်းအရာမှာဝေဒနာဖြစ်ရခြင်း၏ တစ်စိတ်တဒေသသာဖြစ် ပြီးအတော်များများကိုမသိရှိနိုင်ပါ။

ဤဝေဒနာရှင်ကိုကြည့်မည်ဆိုလျှင်အခြားသူများနှင့်မတူသောကွာ ခြားသည့်လက္ခဏာကိုတွေ့ရမည်။ သို့ သော်သူတို့သည်ဆက်သွယ် နိုင်၊ တုံ့ပြန်နိုင်၊ ပြုမူနိုင်ခြင်းနှင့်အခြားသူများနှင့်မတူသောသင်ယူမှုများရှိသည်။ဤရောဂါကိုလေ့လာခြင်း၊စဉ်းစားတွေးခေါ်ခြင်းနှင့်ပြဿနာအရင်းအမြစ်ကိုအဖြေရှာခြင်းသည်စိန်ခေါ်မှုကြီးတစ်ရပ်ပေဖြစ်သည်။အချို့ဝေဒနာရှင်များကနေ့စဉ်လုပ်ရှားမှုတိုင်းတွင်အကူအညီလိုအပ်ပြီး၊ အချို့မှာမလိုအပ်ပါ။

ယခုတွင်ရောဂါစစ်တမ်းထုတ်ချက်အခြေခံအားဖြင့်ခွဲခြားစစ်ထုတ်ရာဉာဏ်ရည်မမှီသောရောဂါမျိုး-အော့တစ်ဇင်စိတ်ကွန့်မြူးခြင်း (autistic disorder)၊ ဖွံ့ဖြိုးတိုးတက်မှုပုံမမှန်ခြင်း (pervasive developmental disorder) ဖွံ့ဖြိုးမှုတွင်ပုံမှန်မဟုတ်ခြင်း၊ အခြားမှာအတိအကျမဖော်ပြနိုင်သေးပါ၊ (PDD-NOS) အက်စ်ဖာဂယ်လ်စန်ဒရုန်း (Asperger-syndrome) သူတစ်ပါးမကောင်းကြောင်းပြောသောရောဂါတို့ ဖြစ်သည်။ ဤအခြေအနေအရပ်ရပ်ကို ဦးနှောက် ဉာဏ်ရည်မမှီ ခြင်းရောဂါ ဟုခေါ် ဆိုသည်။

## ရောဂါလက္ခဏာကအဘယ်နည်း။

ASD ရှိသောသူများတွင် လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားမှုနှင့် ဆက်သွယ်ပြောဆိုဆက်ဆံရေးတို့တွင် အခက်အခဲရှိကြသည်။ ကိုယ်ဟန် အမူအရာများတစ်ခု ထပ်ခါတလဲလဲ လုပ်ခြင်းနှင့် မိမိတို့လုပ်နေကျ အရာများကို မပြောင်း လဲလိုပေ။ ASD ရှိသောသူများတွင် နည်းအမျိုးမျိုးဖြင့် သင်ကြားတတ် မြောက်ရာတွင်ဖြစ်စေ၊ ဂရုတစိုက်နားထောင်ရာတွင်ဖြစ်စေ သို့မဟုတ် တုံ့ပြန်မှုများ ပြုလုပ်တတ်ပါသည်။ ASD လက္ခဏာများမှာ ကလေးအရွယ်မှ စတင်ပြီး တစ်သက်လုံးအထိရှိနေတတ်သည်။

### -ကလေး (သို့) အရွယ်ရောက်သူမှ ရောဂါလက္ခဏာ များ

- အရာတစ်ခုကိုအတိအကျပြောနိုင်ဖို့စိတ်မဝင်စား တတ်ပါ။ (ဥပမာ-အပေါ်မှာလေယာဉ်ပျံပျံသန်းနေတာကိုညွှန် မပြတတ်)
- အရာတစ်စုံတစ်ရာကိုပြညွှန်သော်လည်းမကြည့် တတ်ပါ။
- အခြားသူနှင့်မပေါင်းသင်းတတ် (သို့) အခြားသူ ကိုစိတ်ဝင်စားမှုမရှိခြင်း။
- အကြည့်ကိုလွှဲဖယ်ပြီးတစ်ဦးတည်းနေရန်ဆန္ဒရှိ သည်။
- လူအများရဲ့ခံစားချက်ကိုနားလည်နိုင်စွမ်းမရှိ၊ သူတို့ခံစားချက်ကိုသာပြော ဆို နေတတ်သည်၊
- သူ၏ဆန္ဒမပါဘဲကူညီမှု နှင့်ပွေ့ဖက်မှုကိုမနှစ်သက်တတ်ပါ၊ အခြားသူမှပြောသောစကားကိုနားမလည်သောအခါတွင်မဆိုင်သည့်အသံနှင့်ပြန်လည်တုန့်ပြန်ခြင်းဖြင့်ဖော်ပြသည်။
- အခြားသူများကိုအလွန်ပင်စိတ်ဝင်စားတတ်သော်လည်းအခြားသူများနှင့်
  မည်သို့စကားပြောခြင်း၊ကစားခြင်း၊(သို့)ပေါင်းသင်းရမည်ဆိုသည်မှာမသိပေ။
- စကားလုံးနှင့်စကားစုတစ်ခုကို ထပ်ခါထပ်ခါပြောနေ တတ်ခြင်း။
- သူ၏လိုအပ်ချက်ကိုအတိအကျမဖော်ပြနိုင်ခြင်း။
- အခြားကလေးငယ်များကဲ့သို့အရုပ်များနှင့်မကစား တတ်ခြင်း။
- (ဥပမာ - အရုပ်လေးများကိုအစာခွံတမ်းကစားခြင်းမျိုး)
- လုပ်ဆောင်ချက်များထပ်ခါထပ်ခါလုပ်နေခြင်း။
- အပြောင်းအလဲလုပ်ရန်ခက်ခဲပြီးနှင့်ပတ်ဝန်းကျင်နှင့်ဆီလျော်အောင်မနေ တတ်ခြင်း။
- အနံ့၊ အရသာ၊ အမြင်၊ ခံစားမှု (သို့) အသံသမရိုးကျတုံ့ပြန်မှုကိုမလိုလား ခြင်း။
- ကျွမ်းကျင်မှုများတွင်လူမှုရေး၊ စိတ်ခံစားမှု၊ ဆက်သွယ်မှုများပျောက်ကွယ် သွားသည်။ လုပ်ဆောင်ချက်များထပ်ခါထပ်ခါဖြစ်နေတတ်ပြီးအပြောင်းအလဲ ကို လက်မခံပေ။ ဝေဒနာရှင်အတော်များများမှာသူတို့၏သင်ယူမှု၊နေပုံထိုင်ပုံ (သို့) တုန့်ပြန်မှုတို့သည်သမရိုးကျမဟုတ်ပေ။ ဤရောဂါလက္ခဏာကိုကလေးအရွယ်မှစတင်၍သေသည့်တိုင်ဖြစ်သည်။

## ကျွန်ုပ်၏ကလေးတွင် ASD ရှိပါက ဘာလုပ်နိုင်သနည်း။

သင့်ကလေး၏ဆရာဝန် (သို့) သူနာပြုနှင့်ဆွေးနွေးပါ၊အကယ်၍သင် (သို့) ဆရာဝန်မှ ကလေးတွင်ပြဿနာတစ်ရပ် ဖြစ်နေပြီဟုတွေးမိလျှင် ညွှန်ကြားချက်ကိုတောင်းဆိုပြီး ကလေးဖွံ့ဖြိုးမှုဆိုင်ရာ အထူးကု (သို့) အထူးကုများနှင့်တွေ့ဆုံပါ၊ တစ်ချိန်တည်းမှာပင်မိမိ၏နိုင်ငံရှိကလေးသူငယ်အခွင့်အလမ်းပြောရေးဆိုခွင့်ရှိသည့်ကိုယ်စားလှည်လုပ်ငန်း (၃ နှစ်အောက်အတွက်သာ) (သို့) စာသင်ကျောင်းဆက်သွယ်ပါ (၃ နှစ်အောက်နှင့်အထက်) သင့်ကလေးထိုကျောင်းသို့မသွားလိုပါက သင်ပတ်ဝန်းကျင်တွင်သင့်ကလေးအား စကားပြောဆိုပေးနိုင်မည့် သူကိုရှာဖွေရန် အတွက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသောကလေးနှင့်လူငယ်များဗဟိုသတင်းဌာနwww.nichcy.orgသို့ဝင်ရောက်ဆက်သွယ်နိုင်ပြီး၊ထပ်ဆင့်အနေဖြင့်ရောဂါထိန်းချုပ်ကာကွယ်ဌာနမှ ဤရောဂါနှင့်ပတ်သက်ပြီးမိသားစုများအတွက်သတင်းရယူရန်(http://www.cdc.gov/ncbddd/autism/links.html) ဝင်ရောက်ရှာဖွေနိုင်သည်။

-နောက်မကျစေနှင့် - အချိန်မှီစောလျှင်စွာကုသမှုခံယူခြင်းပြုမှသာ အမှန်တကယ် ထူးခြားသည့် အကျိုးထူး ကိုရရှိခံစားနိုင်မည်။

www.cdc.gov/actearly 1-800-CDC-INFO

သင်္ကေတများအား သင်ယူပါ။ စောစီးစွာ ဆောင်ရွက်ပါ။